ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ သောကြာနေ့၊ (19-11-2010) (ဖ၅၈၇)



## ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၄)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

## (၅)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၄)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးများ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၁၈

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် (၅)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးနှင့် (၄)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့ နံနက် ၁၀ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၄)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၁၉-၁၁-၂၀၁၀
(သောကြာနေ့)

## ပွင့်လင်းရာသီ ခရီးသွားလုပ်ငန်း မြှင့်တင်ကြိုးပမ်း

နှစ်စဉ် အောက်တိုဘာလမှစ၍ ပွင့်လင်းရာသီကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်လာကြပြီ။ ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာ အမွေအနှစ်အဆောက်အအုံများ၊ သဘာဝအရင်းအမြစ်များ တည်ရှိနေမှုကို ခရီးသွားများ စိတ်ပါဝင်စားကြသည်။ နိုင်ငံ တည်ငြိမ်အေးချမ်းမှုနှင့် ဒေသခံတို့၏ ဖော်ရွေနွေးထွေးသော ကြိုဆိုမှုများသည် ခရီးသွားများ နှစ်ခြိုက်စိတ်ဝင်စားသော အခြေခံအကြောင်းရင်းများဖြစ်သည်။

ယခုနှစ် ခရီးသွားရာသီတွင် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုပိုမိုများပြားလာသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် ခရီးသည်အများစုသည် ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများတည်ရှိရာ ပုဂံဒေသသို့ ဦးတည်သွားရောက်ကြသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ သဘာဝအင်းလေးကန်၊ ပင်းတယဒေသတို့၏ သဘာဝရှုခင်းမြင်ကွင်းများ၊ ရိုးရာကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ကြည့်ရှုလေ့လာကြသည်။

တိုင်းရင်းသားများ၏ ရိုးရာနှစ်သစ်ကူးပွဲများ၊ ဒေသအလိုက် ကျင်းပသော ရိုးရာပွဲတော်များ၊ ယဉ်ကျေးမှုကပွဲများကိုလည်း ကမ္ဘာလှည့်ခရီးသည်များ စိတ်ပါဝင်စားကြသည်။ တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲကို ခရီးသွားအများအပြား ကြည့်ရှုလေ့လာကြသည်။

ထို့အပြင် သဘာဝထိန်းသိမ်းတောများ၊ ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းထားရှိရာ ဘေးမဲ့တောများ၊ အမျိုးသားဥယျာဉ်များ၊ လှပသော ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများသည် သဘာဝအခြေခံခရီးသွား လေ့လာသူများအတွက် စွဲဆောင်မှုရှိသောနေရာများဖြစ်သည်။

ခရီးသွားရာသီ ကမ္ဘာလှည့်ခရီးသည်များ ရောက်ရှိလာချိန်တွင် ဝန်ဆောင်မှုအရည်အချင်း မြှင့်တင်ခြင်းဖြင့် ဧည့်ဝတ်ကျေပွန်ကြရပေမည်။ အထူးသဖြင့် ခရီးသည်များ အလွယ်တကူ သွားလာတည်းခိုနိုင်ရေး၊ နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုနှင့် ဧည့်လမ်းညွှန်များ၊ လေယာဉ်၊ မော်တော်ယာဉ်၊ ရထား၊ သီးသန့်သင်္ဘောများ၊ အပျော်စီး သင်္ဘောများ ပြည့်စုံကောင်းမွန်ရေး ဂရုပြုစီစဉ်ပေးကြရပေမည်။

နိုင်ငံတကာတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အဓိကထားလုပ်ကိုင်နေကြပြီ။ ခရီးသွားလုပ်ငန်းသည် အောင်မြင်မှုရရှိနေသော စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် အာရှ-ပစိဖိတ်ဒေသသည် ကမ္ဘာလှည့်ခရီးသည်အများအပြား လာရောက်ကြသည့် အဓိကခရီးစဉ်ဒေသ ဖြစ်လာသည်။ ခရီးသည်များ စိတ်ချမ်းမြေ့စွာ သွားလာတည်းခိုနိုင်ရေး၊ ခရီးစဉ်များ၊ ဝန်ဆောင်မှုပိုင်းဆိုင်ရာများ အဆင့်မြင့်ကောင်းမွန်စေရေး ဂရုပြုမြှင့်တင်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၁၁-၂၀၁၀ (သောကြာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၉။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၀ ၅။ မဟာဂီတချိုကြည်မြ
၅း၀၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅း၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -မီးခိုးရောင်ဝံပုလွေ (အပိုင်း-၃)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၃၀ ၁၄။ "ရွာ"ဟာသဇာတ်လမ်းတွဲ
၆း၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၂၇)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ သံစဉ်များနှင့်ကမ္ဘာ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၂၇)**
၂၄။ ကမ္ဘာတစ်ခွင်ခရီးစဉ်
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၈

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ် တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်သည်။**

အဆိုပါ အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်းတပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်များ၊ မိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြိုင်ပွဲအမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ညနေပိုင်းတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ကွင်း၌ ကျင်းပသော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Dalian Shide ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူတို့က နှစ်ဖက်အားကစားသမားများနှင့် ဒိုင်လူကြီးများအား လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Dalian Shide ဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် ရတနာပုံတယ်လီပို့ အဆောက်အအုံ၌ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ဝန်ကြီး ဦးသိန်းဇော် ရတနာပုံမြို့သစ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၈

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် နိုဝင်ဘာ ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ်သို့ ရောက်ရှိပြီး ရှစ်ခန်းတွဲလေးထပ် ဝန်ထမ်းဆောင်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် နှစ်ခန်းတွဲသုံးထပ် ဝန်ထမ်းဆောင်များ ဆောက်လုပ်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ Training Center ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ ရှင်းလင်းပြသမှုအပေါ် ဝန်ကြီးက အရည်အသွေး ပြည့်မီစွာဖြင့် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အပြီးဆောက်လုပ်သွားကြရန် မှာကြားသည်။

### ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ရတနာပုံတယ်လီပို့ အဆောက်အအုံ၌ တပ်ဆင်ထားရှိသည့် IP TV Room နှင့် Yatanarpon Webportal စက်ခန်းတို့ကို လည်းကောင်း၊ Soft Switch Room၊ ISP Data Center နှင့် Network Operation Center စက်ခန်းတို့တွင် စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းပြသမှုအပေါ် ဝန်ကြီးက စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်စေရေး၊ ဆက်သွယ်မှုများ မပြတ်တောက်စေရေးနှင့် ပိုမိုကောင်းမွန်စေရေးတို့အတွက် အထူးဂရုပြု ကိုင်တွယ်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ASIA MEGA LINK SOLAR စက်ရုံနှင့် FISCA စက်ရုံတို့တွင် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း)သင်တန်း လျှောက်လွှာခေါ်ယူ

ရန်ကုန် နိုဝင်ဘာ ၁၈

လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပထမပိုင်း) သင်တန်းအမှတ်စဉ် (၃၇)ကို စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့၌ ၂၀၁၁ ခုနှစ် မတ် ၁ ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။

၎င်းသင်တန်းကို ရန်ကုန်၊ မုံရွာနှင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်များမှ ၂၀၀၉ ခုနှစ် စက်တင်ဘာလနှင့် ၂၀၁၀ ခုနှစ် စက်တင်ဘာလများတွင် ကျင်းပခဲ့သော ဝါဏိဇ္ဇဘွဲ့(B.Com)နှင့် စာရင်းကိုင်ပညာဘွဲ့(B.Act) စာမေးပွဲများကို ဖြေဆိုအောင်မြင်သူ(နောက်ဆက်တွဲစာမေးပွဲများဖြင့် အောင်မြင်သူများမပါ) နိုင်ငံသားများ တက်ရောက်ခွင့်ရှိရာ လျှောက်လွှာပုံစံကို မြန်မာနိုင်ငံစာရင်းကောင်စီရုံး(အပိုဒ် ၁ပါလိပ်စာ)တွင် ဝယ်ယူ၍ နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း လျှောက်ထားသူ ကိုယ်တိုင်လာရောက်ပြီး လျှောက်လွှာနှင့်အတူ ဝါဏိဇ္ဇဘွဲ့(B.Com)နှင့် စာရင်းကိုင်ပညာဘွဲ့(B.Act) စာမေးပွဲ အောင်မြင်ခဲ့သည့် အထောက်အထားဖြစ်သည့် ဘွဲ့လက်မှတ်(သို့မဟုတ်) ဘွဲ့လက်မှတ်ထောက်ခံစာ (မူရင်းနှင့်မိတ္တူ)၊ အဆင့်သတ်မှတ်လက်မှတ်(မူရင်းနှင့်မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့် မိတ္တူ)၊ စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းဖြစ်ပါက ရုံးအကြီးအကဲ၏ ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံချက်တို့ကို ပူးတွဲတင်ပြရမည်။

ဝါဏိဇ္ဇဘွဲ့(B.Com)နှင့် စာရင်းကိုင်ပညာဘွဲ့(B.Act)ဘွဲ့ရများအပြင် ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံစာရင်းကောင်စီက ကျင်းပခဲ့သည့် ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း) စာမေးပွဲအောင်မြင်သူများအနက် ထူးချွန်စွာအောင်မြင်ခဲ့သူများကိုလည်း သင်တန်းသားအဖြစ် ရွေးချယ်မည်ဖြစ်သဖြင့် ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲအောင်လက်မှတ်/ထောက်ခံစာ (မူရင်းနှင့်မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)၊ စာရင်းစစ်ချုပ်ရုံးဝန်ထမ်းဖြစ်ပါက ရုံးအကြီးအကဲ၏ ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံချက်တို့ကို ပူးတွဲ၍ တင်ပြလျှောက်ထားနိုင်ကြောင်း၊ ထူးချွန်စွာအောင်မြင်၍ လျှောက်ထားခွင့်ရှိသူများ အမည်စာရင်းကို မြန်မာနိုင်ငံစာရင်းကောင်စီရုံး၌ ထုတ်ပြန်ထားကြောင်း သိရသည်။

ထို့အပြင် ယခင်နှစ်များက B.Com, B.Act ကို ထူးချွန်စွာအောင်မြင်ပြီး CPA တက်ရောက်ခွင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျလျှောက်ထား၍ ငြင်းပယ်ခံရသူများလည်း နောက်ဆုံးအခွင့်အရေးအနေဖြင့် အထောက်အထားများနှင့်အတူ လျှောက်ထားနိုင်ကြောင်း သိရသည်။ ရွေးချယ်ခံရသူများ၏ အမည်စာရင်းကို မြန်မာနိုင်ငံစာရင်းရုံးကောင်စီ၌ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ထုတ်ပြန်ကြေညာမည်။ ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသည့် သင်တန်းကြေးများကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၈ ရက်အထိ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ပေးသွင်းကြရမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလမှာ ပထမပိုင်း(၁)နှစ်နှင့် ဒုတိယပိုင်း(၂)နှစ် စုစုပေါင်း(၂)နှစ်ဖြစ်သည်။ သင်တန်းချိန်မှာ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၇ နာရီမှ ၈ နာရီ မိနစ် ၅၀ အထိနှင့် စနေနေ့များတွင် နံနက် ၇ နာရီမှ ၁၁ နာရီ မိနစ် ၅၀ အထိဖြစ်သည်။ သင်တန်းတက်ရောက်ချိန် ၆၀ ရာခိုင်နှုန်းပြည့်မီခြင်းမရှိပါက စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ရှိမည်မဟုတ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**✻ ရှေ့ဖုံးမှ**

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Veth Nareth တို့က နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

# အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ရန်ပုံငွေအဖွဲ့တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် နိုဝင်ဘာ ၁၈

**ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ရန်ပုံငွေအဖွဲ့(Global Fund) တို့ အေအိုင်ဒီအက်စ်(AIDS)၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနား (Signing Ceremony of Memorandum of Understanding Between the Ministry of Health and Principal Recipients for Global Fund to Fight AIDS, TB and Malaria) ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ လက်မှတ်ရေးထိုးသည်။**




**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ရန်ပုံငွေအဖွဲ့(Global Fund) တို့ အေအိုင်ဒီအက်စ်(AIDS)၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနရှိ ဦးစီးဌာန အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ UNOPS အဖွဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာရုံးမှ ဒေသဆိုင်ရာညွှန်ကြားရေးမှူး၊ Save the Children (USA) အဖွဲ့မှ အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူးနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေး စီမံချက်များမှ စီမံချက်မန်နေဂျာများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် CCM အဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ UNOPS အဖွဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာရုံးမှ ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr.Wan Yu နှင့် Save the Children (USA) အဖွဲ့မှ အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူး Ms. Victoria Reynolds Clawson တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး စာချွန်လွှာများကို အသီးသီး လွှဲပြောင်းလက်ခံခဲ့ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသည် ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Global Fund) က ရောဂါကြီးသုံးမျိုးဖြစ်သည့် အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် (၉)ကြိမ်မြောက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့မှ ခွဲဝေချထားပေးမှု သဘောတူညီချက် လက်မှတ်ရေးထိုးခြင်း ဖြစ်သည်။

မြန်မာနိုင်ငံအတွက် အထက်ပါရောဂါကြီး သုံးမျိုး ကာကွယ်တိုက်ဖျက်ရန် ရန်ပုံငွေကို ၂၀၀၉ ခုနှစ် နိုဝင်ဘာ အတွင်း အီသီယိုးပီးယားနိုင်ငံ၌ ကျင်းပခဲ့သော အကြိမ် (၂၀)မြောက် ကမ္ဘာ့ရန်ပုံငွေဘုတ်အဖွဲ့အစည်းအဝေးက အတည်ပြုခွင့်ပြုခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၂ ရက်ကလည်း ကမ္ဘာ့ရန်ပုံငွေအဖွဲ့နှင့် အဓိကရန်ပုံငွေလက်ခံအသုံးပြုဆောင်ရွက်မည့် United Nation Offices for Project Services (UNOPS) အဖွဲ့၊ Save the Children (USA) အဖွဲ့တို့ ရန်ပုံငွေခွဲဝေချထားပေးပြီးကြောင်းကို သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။

ကမ္ဘာ့ရန်ပုံငွေအဖွဲ့က ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးအတွက် ရန်ပုံငွေခွဲဝေချထားမှုမှာ ငါးနှစ်စာ လုပ်ငန်းဆောင်ရွက်ရန် ပထမအကြိမ် နှစ်နှစ်စာအတွက် ခွဲဝေချထားငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၅ ဒသမ ၂ သန်း လျာထားသတ်မှတ်ခွဲဝေခွင့်ပြုထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် နိုဝင်ဘာ ၁၈**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင့်လွင်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

**(သောကြာနေ့-နံနက်-နေ့လယ်-ည)**

**၁၉-၁၁-၂၀၁၀**

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (မင်္ဂလသုတ်)
ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀ စံတော်ချိန်
ဆိုကြပျော်ရွှင်တေးသံစဉ်
(INTERMEDIATE LEVEL)
၁၂း၃၀ အလုပ်အကိုင်အခွင့်အလမ်း
နေ့လယ်ခင်းတေးပဒေသာ
၁း၀၀ မွန်းလွဲပိုင်းသတင်း
နေ့လယ်ခင်းတေးပဒေသာ
၁း၃၀ အစီအစဉ်ပြီး၏။
၄း၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၄း၃၀ စစ်သည်အတွက်
တေးလက်ဆောင်
၅း၀၀ Music Talk
၅း၁၅ ပြောပါရစေရှင်
(သံသရာဆုံးတိုင်)
တေးပဒေသာ
၅း၂၅ သတင်းစာဆောင်းပါး
၅း၃၅ ရင်ခုန်စီးဆင်း
အနုပညာသတင်း (၁၇)
၆း၀၀ ညနေခင်းသတင်း
၆း၁၀ လူမှုစာနာပြန်ကြားလွှာ
၆း၂၀ တေးချစ်သူရွှေးသီ တေးပန်းချီ
၆း၄၅ နိုင်ငံရေးဦးတည်ချက်
တေးပဒေသာ
၇း၀၀ နိုင်ငံတကာသတင်း
၇း၁၀ ညချမ်းချိန်ခါတေးပဒေသာ
၇း၂၅ ဇာတ်လမ်းပမာနားဆင်စရာ
(တန်ဆောင်တိုင်ရဲ့ချစ်ပုံပြင်)
၇း၄၅ တေးပဒေသာ
၈း၀၀ ပြည်တွင်းသတင်း
၈း၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ
(ညီဂျော်)
စီးပွားရေးဦးတည်ချက်
တေးပဒေသာ
၉း၀၀ ဆောင်းပါး
(ပညာပြည့်ဝနှလုံးလှစေ)
၉း၀၅ ခံစားနားဆင်မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
၉း၃၅ ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀ အစီအစဉ်ပြီး၏။



**ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းနှင့် ဒေါ်ခင်ဦးမိသားစုက တစ်နေ့လုံးစာအထူးအာဟာရကျွေးမွေးရန်နှင့် ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

# ၂၀၁၀ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ၂၀၁၀ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ အသင်းလိုက်ပြိုင်ပွဲတွင် ရွှေဒေါင်းယဉ်တင်းနစ်ကလပ် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ အသင်းနည်းပြ အုပ်ချုပ်သူအဖြစ် ဦးဇော်မြင့်(ခ)ချစ်တီး၊ အားကစားသမားများအဖြစ် ကျော်တင့်၊ မြင့်ဦး၊ အောင်ဆန်း၊ တင်ဦး၊ တင်ထူးနှင့် မင်းမင်းဦးတို့ ပါဝင်ကြမည်ဖြစ်သည်။

ယင်း ရွှေဒေါင်းယဉ်တင်းနစ်ကလပ်မှ အားကစားသမားများသည် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ပြင်းထန်စွာ လေ့ကျင့်လျက်ရှိကြောင်းသိရှိရသည်။

(သတင်းစဉ်)

# MFF Futsal Tiger Cup 2010 ဖူဆယ် ဘောလုံးပြိုင်ပွဲနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd., ၏ အဓိကကူညီပံ့ပိုးမှုဖြင့် နိုဝင်ဘာ ၂၇ ရက်မှစတင်ကျင်းပမည့် MFF Futsal Tiger Cup 2010 ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၂၀ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ Chatrium Hotel, Mandalay Room ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲသို့ နိုင်ငံတစ်ဝန်းရှိ အဆင့်မီဖူဆယ်အသင်းအားလုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပြီး ဆုကြေးများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# GLORY မှ ရုံးချိန်ပြင်ပ အင်ဂျင်နီယာဒီပလိုမာ အထူးတန်းခွဲများဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

GLORY အင်ဂျင်နီယာအတတ်ပညာသင်တန်းကျောင်းမှ Engineering Diploma နှင့် Advanced Diploma တန်းခွဲသစ်များကို ရုံးချိန်အတွင်း သင်တန်းအပြင် ရုံးချိန်ပြင်ပတန်းခွဲပါ ဖွင့်လှစ်မည်ဖြစ်သည်။ GLORY သည် City and Guilds (UK) ၏ Approved Training Centre တစ်ခုဖြစ်ပြီး သင်တန်းများကို City and Guilds (UK) က တိုက်ရိုက်စာမေးပွဲစစ်ဆေးပြီး အောင်မြင်သူများကို NQF Level (2) မှ (5) အတွင်းအဆင့်ရှိ ဒီပလိုမာလက်မှတ်များ ရရှိမည်။ အဆိုပါလက်မှတ်များ ရရှိထားပါက နိုင်ငံတကာတက္ကသိုလ်ကြီးများတွင် Direct Entry ရရှိခြင်း၊ Exemption များရရှိခြင်းအစရှိသော အခွင့်အရေးများ ရရှိမည်။ Level (3) Engineering Diploma သင်တန်းများကို တက္ကသိုလ်ဝင်တန်း အဆင့်ရှိသူတိုင်း တက်ရောက်နိုင်ပြီး Level (5) Advanced Diploma သင်တန်းများကို ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဘာသာရပ်ဖြင့် အင်ဂျင်နီယာဒီပလိုမာရရှိထားသူများ တိုက်ရိုက်တက်ရောက်နိုင်သည်။

အဆိုပါ ဒီပလိုမာသင်တန်းများသည် သင်တန်းအမျိုးအစားအလိုက် သင်တန်းကာလ ခြောက်လမှ တစ်နှစ်ခွဲအထိ ကြာမြင့်မည်ဖြစ်သည်။ ရေးဖြေဘာသာရပ်များအတွက် British Council အစီအစဉ်ဖြင့် ကျင်းပသော စာမေးပွဲများကို ဝင်ရောက်ဖြေဆိုရမည်ဖြစ်ပြီး လက်တွေ့ဘာသာရပ်များကို City & Guilds မှ ခန့်အပ်ထားသော Visiting Verifier မှ စစ်ဆေးသည်။ GLORY မှ သင်တန်းသားများသည် နှစ်စဉ်ပျမ်းမျှ အောင်ချက် ၉၀ ရာခိုင်နှုန်းနှင့်အထက်ရှိသည်။ တက်ရောက်နိုင်သော ဘာသာရပ်များမှာ နိုင်ငံတကာတွင် အလုပ်အကိုင်အခွင့်အလမ်းပေါများသည့် ဘာသာရပ်များဖြစ်သော Electronic, Electrical, Mechatronic, Mechanical, M & E, Construction (Civil), Refrigeration and Air Conditioning, Electrical Installation အစရှိသော ဘာသာရပ်များ ဖြစ်သည်။ Engineering Knowledge အားနည်းသူများအတွက် Foundation Course များ အခမဲ့သင်ကြားပေးပြီး အဆိုပါ Course တွင် Basic Hand Drawing, Techanical English Safety ဘာသာရပ်များ ပါဝင်သည်။ ထို့အပြင် အင်ဂျင်နီယာဒီပလိုမာ သင်တန်းသားတိုင်း English Proficiency Course နှင့် မိမိတက်သော ဘာသာရပ်နှင့် သက်ဆိုင်သည့် လက်တွေ့ကျွမ်းကျင်မှုသင်တန်း နှစ်မျိုးကို အခမဲ့ သင်ကြားပေးသည်။

စိတ်ပါဝင်စားသူများသည် (၁၂၅) ဘီ ပထမထပ် (၃၈)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၁၂၁၇၁၇နှင့် ၀၉-၅၁၉၇၈၁၇, Website: www.glory-education.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# KNU အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိ၍ ဒေသခံပြည်သူနှစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ကရင်ပြည်နယ် ကမမောင်းမြို့နယ်ခွဲ ဖာလုံလေးကျေးရွာနေ ဦးတင်ဝင်းနှင့် ဦးရွှေမြင့်တို့နှစ်ဦးသည် နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ဆင်စွယ်ကျေးရွာမှ ကားလမ်းအတိုင်း စက်ဘီးနင်းလာစဉ် ကားလမ်းအနောက်ဘက်လမ်းပခုံးတစ်နေရာ၌ KNU အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိခဲ့သဖြင့် ဦးတင်ဝင်း၏ ရင်ဘတ်၊ လက်မောင်း၊ ပေါင်၊ ဒူးခေါင်းတို့တွင် ဒဏ်ရာများရရှိခဲ့ပြီး ဦးရွှေမြင့်၏ မျက်စိနှင့် မျက်နှာတို့တွင် ဒဏ်ရာများ ရရှိခဲ့သည်။

ဒဏ်ရာရသူနှစ်ဦးအား နယ်မြေခံတပ်မှ လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး ဘားအံပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၁၀ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

## ၂၀၁၀ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် ကျောက်မျက်ရတနာပြပွဲ ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၈

**၂၀၁၀ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိသည့် ၂၀၁၀ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ လာရောက်၍ မြန်မာ့ကျောက်မျက်ရတနာပြတိုက် ဒုတိယထပ် ပုလဲအရောင်းပြခန်း၌ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်း၊ ပြည်ပ ပုလဲကုန်သည်များ ပုလဲဝယ်ယူရန် ရွေးချယ်နေမှုကို ကြည့်ရှုအားပေး၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။**

ထို့နောက် ဝန်ကြီးသည် မြန်မာ့ကျောက်မျက်ရတနာပြတိုက် ဒုတိယထပ်၌ ရတနာပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

### မှာကြား

ယင်းနောက် ဝန်ကြီးသည် မြန်မာ့ကျောက်မျက်ရတနာပြတိုက် ဒုတိယထပ်ရှိ ဧည့်ခန်းမ၌ ဆပ်ကော်မတီများမှ တာဝန်ရှိသူများအားတွေ့ဆုံရာ တာဝန်ရှိသူများက မိမိတို့ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းပုလဲကုမ္ပဏီများ၏ ပုလဲအတွဲများကို ယနေ့နံနက် ၉ နာရီတွင် တင်ဒါစနစ်ဖြင့် စတင်ရောင်းချသည်။

တာဝန်ရှိသူများက မွန်းလွဲပိုင်းတွင် တင်ဒါများကို ဖွင့်ဖောက်စစ်ဆေးကြပြီး တင်ဒါရရှိသူများစာရင်းကို မွန်းလွဲ ၁ နာရီတွင် ကြေညာရာ ပုလဲအတွဲ ၇၂ တွဲ ရောင်းချရကြောင်း သိရှိရသည်။

အလားတူ ညနေပိုင်းတွင်လည်း တင်ဒါစနစ်ဖြင့် ပုလဲအတွဲ ၆၅ တွဲရောင်းချရကြောင်း သိရှိရသည်။

ထို့အတူ ကျောက်စိမ်း ကျောက်မျက်အတွဲများကိုလည်း ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုလေ့လာကြပြီး တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းကျောက်မျက် အတွဲများအတွက် အဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

### ကျင်းပသွားမည်

နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၂၉ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့်လည်း ပြပွဲသို့ လာရောက်ကြသည့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ဆက်သွယ်မှု လွယ်ကူစေရန်အတွက် GSM တယ်လီဖုန်းများတွင် အသုံးပြုနိုင်သည့် FEC 20 တန် ကတ်များကိုလည်းကောင်း၊ CDMA တယ်လီဖုန်းများတွင် အသုံးပြုနိုင်သည့် FEC 50 တန်ကတ်များကို လည်းကောင်း ရောင်းချပေးလျက်ရှိပြီး ပြပွဲကာလအတွင်း၌လည်း မြန်မာ့ကျောက်မျက်ရတနာပြတိုက်အတွင်း Wi-Fi Internet အား အခမဲ့အသုံးပြုနိုင်အောင် စီစဉ်ပေးထားလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

### ရောင်းချမည့် ပုလဲအတွဲများ ကြည့်ရှုစစ်ဆေး

**၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)



**ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းကျောက်မျက်အတွဲများကို ကြည့်ရှုလေ့လာကြစဉ်။**

(သတင်းစဉ်)



### အဆို ပြုလွှာ တင်သွင်း

**ပြည် တွင်း၊ ပြည်ပ ရတနာကုန် သည် များ တင်ဒါ စနစ်ဖြင့် ရောင်း ချမည့် ပုလဲ အတွဲများ အတွက် အဆို ပြုလွှာ များကို တင်သွင်းကြစဉ်။**

(သတင်းစဉ်)



## ပုသိမ်ကြီးမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၈**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၉ ရက်တွင် ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအနီး မိုးစပါးစိုက်ခင်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ မိုးစပါးရိတ်သိမ်းနေမှုနှင့် စပါးထွက်ရှိမှု အခြေအနေများ ရှင်းလင်းတင်ပြမှုတို့အပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် အောင်မြေသာစံမြို့နယ်အတွင်း လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ နန်းမြို့ကျုံးရေပြင်အတွင်း ရေမှော်များ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မန္တလေး မြို့တော်ဝန်သည် နိုဝင်ဘာ ၁၃ ရက်တွင် ပြင်ဦးလွင်မြို့နယ် သုံးထောင်ကျေးရွာ ရတနာပုံမြို့သစ် (မြောက်ပိုင်း) ကိုယ်ပိုင်အိမ်ရာ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက အိမ်ရာများနှင့် လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက် ပြီးစီးမှုနှင့် ရေပိုက်လိုင်းများ သွယ်တန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်း တင်ပြပြီး မြို့တော်ဝန်က လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာရှိ ကျောက်ခွဲစက်နှင့် နိုင်လွန်ကတ္တရာကျို စက်ရုံတို့၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းကျောက်မျက်အတွဲများကို ကြည့်ရှုလေ့လာကြစဉ်။**

(သတင်းစဉ်)



# ဝန်ကြီး ဦးလွန်းသီအား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၈**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Cho Byungjae သည် ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Cho Byungjae လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# အောက်ပိုင်းဒေသများ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၈

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကယားပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် မင်းတပ်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မြောင်းမြမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ကိုကိုးကျွန်းမြို့တွင် သုည ဒသမ ၇၁ လက်မနှင့် ကော့သောင်းမြို့တွင် သုည ဒသမ ၂၈ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**နိုဝင်ဘာ ၁၉ ရက် ညနေထိခန့်မှန်းချက်။** ။ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးအနည်းငယ်ရွာနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

# Myanmar Engineering Society, MES နှင့် Concordia Int'l Co., Ltd. တို့ ပူးပေါင်း၍ MES Quality Control Laboratory ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (Myanmar Engineering Society, MES)နှင့် Concordia Int'l Co., Ltd. တို့ ပူးပေါင်း၍ MES Quality Control Laboratory ကို နိုဝင်ဘာ ၆ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် တက္ကသိုလ်များ လှိုင်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၌ စတင်ဖွင့်လှစ်လိုက်သည်။ Quality Control Laboratory မှ အင်္ဂလန်နိုင်ငံထုတ် ကမ္ဘာ့ထိပ်တန်း ELE စက်ကြီးများဖြင့် Cement ၏ အရည်အသွေး စမ်းသပ်ပေးခြင်း၊ Concrete Strength စမ်းသပ်ပေးခြင်း၊ Project များ၏ Quality Control နှင့် Quality Assurance ပြုလုပ်ပေးခြင်း စမ်းသပ်မှုများကို တည်ဆောက်ရေးလုပ်ငန်းအမျိုးမျိုးအတွက် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတကာ အရည်အသွေးမီ စမ်းသပ်စစ်ဆေးပေးခြင်းနှင့် မြန်မာနိုင်ငံတွင်ရှိသော တည်ဆောက်ရေးလုပ်ငန်းများဖြစ်သော လမ်းများ၊ တံတားများ၊ အဆောက်အအုံများ တည်ဆောက်ရာတွင် ပိုမိုအရည်အသွေးကောင်းမွန်စေရန်နှင့် နိုင်ငံတကာ စံချိန်စံညွှန်းမီစေရန် စသောရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ရခြင်းဖြစ်သည်။

စမ်းသပ်ချက်များ အားလုံးအတွက် ဈေးနှုန်းချိုသာစွာဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပြီး MES Quality Control Laboratory တွင် မြေသားများ၏ အရည်အသွေး စမ်းသပ်ပေးနိုင်သည့် (Soil Test Laboratory) ကိုလည်း မကြာမီ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက MES Quality Control Laboratory မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တက္ကသိုလ်များ လှိုင်နယ်မြေ လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၈၆၁၅၂၂၀၊ ၀၉-၄၉၂၀၀၉၄၇ နှင့် Concordia Int'l Co., Ltd. သုံးလွှာ၊ လေးလွှာ၊ ငါးလွှာ ရွှေဂုံပလာဇာ ရွှေဂုံတိုင်လမ်းဆုံ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၄၁၉၉၊ ၅၅၈၁၇၀၊ ၅၅၈၃၇၄၊ ၅၄၄၈၂၄၊ ၅၄၉၄၄၄၊ ၀၁-၇၃၀၀၉၂၂၃၊ ၀၁-၇၃၀၀၉၂၁၇ နှင့် ၀၉-၅၀၀၅၉၁၂ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)






**ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနေ ဦးမျိုးမြင့်အောင်၊ ဇနီး ဒေါ်ကဗျာဘွဲ့မှူး မိသားစုက သမီး မမေမျိုးကဗျာ၏ မွေးနေ့အတွက် အလှူငွေကျပ်နှစ်သိန်းကို တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာ ဘိုးဘွားများအတွက် ပဒေသာပင်အဖြစ် နိုဝင်ဘာ ၁၄ ရက်က လှူဒါန်းရာ အလှူရှင်ကိုယ်စား ကိုကျော်ခိုင်ဦးက ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးမြသိန်းထံ ပေးအပ်လှူဒါန်းစဉ်။** (၃၄၂)

# တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပူးပေါင်းဆောင်ရွက်မှုကြောင့် ချိန်ကိုက်မိုင်းထောင်ထားရှိမှုအား တာဝန်ရှိသူများက အချိန်မီ ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့သည့်အတွက် အပြစ်မဲ့ပြည်သူများ သေကျေထိခိုက်ကြရမည့် အန္တရာယ်မှ ကာကွယ်နိုင်ခဲ့ အကြမ်းဖက်သောင်းကျန်းသူများ၊ အဖျက်အမှောင့်သမားများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများက အကြမ်းဖက်အဖျက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိ ပြည်သူများအနေဖြင့် မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထား

**နေပြည်တော် နိုဝင်ဘာ ၁၈**

နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ City Star ဟိုတယ်အောက်ထပ်ရှိ Star Net အင်တာနက်ဆိုင်၌ ချိန်ကိုက်မိုင်း လေးလုံးအား တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ တွေ့ရှိရသဖြင့် ဘေးအန္တရာယ်ကင်းစေရန်အတွက် အချိန်မီ ရှင်းလင်းဖယ်ရှားနိုင်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၇ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ City Star ဟိုတယ်အောက်ထပ်၊ Star Net အင်တာနက်ဆိုင်အတွင်းရှိ ကွန်ပျူတာစားပွဲအောက်၌ စက္ကူဖြင့်ထုပ်ထားသည့် မသင်္ကာဖွယ်အထုပ် နှစ်ထုပ်အား တာဝန်သိပြည်သူတစ်ဦးက တွေ့ရှိပြီး သတင်းပေးပို့ခဲ့သဖြင့် တာဝန်ရှိသူများက စစ်ဆေးခဲ့ရာ ချိန်ကိုက်မိုင်း လေးလုံးဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဘေးအန္တရာယ် ကင်းစေရန်အတွက် သက်မဲ့ပြုလုပ်ဖယ်ရှားခဲ့ရကြောင်းနှင့် အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မိုင်းထောင်သူ အကြမ်းဖက်အဖျက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိရေး သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများ၊ အဖျက်အမှောင့်သမားများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများသည် အပြစ်မဲ့ပြည်သူများ သေကျေထိခိုက်ဒဏ်ရာရစေရန်နှင့် နိုင်ငံတစ်ဝန်း မတည်ငြိမ်မှုများ ဖြစ်ပွားစေရန်အတွက် အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များအား လုပ်ဆောင်လျက်ရှိကြရာ ယင်းအကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များအား ပြည်သူအများစုက ရွံရှာမုန်းတီးလျက်ရှိကြပြီး ယခုကဲ့သို့ တာဝန်သိပြည်သူများ၏ သတင်းပေး ပူးပေါင်းဆောင်ရွက်မှုကြောင့်သာ အချိန်မီ ကာကွယ်ဆောင်ရွက်ဖယ်ရှားနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ပါ၍ ပြည်သူများအနေဖြင့် မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ကြရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အချစ်လားလာထားဇာတ်ကား ဆက်လက်ပြသ

**ရန်ကုန် နိုဝင်ဘာ ၁၈**

နိုဝင်ဘာ ၁၉ ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့လယ်ရုံများ၌ ပြသဆဲ မြန်မာဇာတ်ကားဖြစ်သည့် **အချစ်လားလာထား** မြန်မာဇာတ်ကားသစ် ဆက်လက်ပြသမည်ဖြစ်သည်။

လူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ဤဇာတ်ကားကို ထုတ်လုပ်ပြီး ဝတ္ထုနှင့် ဇာတ်ညွှန်းမှာ လွင်မင်းအုံဖြစ်ကာ ဒါရိုက်တာ ညီညီထွန်းလွင်နှင့် တွဲဖက်ဒါရိုက်တာ မောင်သီလ၊ သြရသတို့က တာဝန်ယူ ရိုက်ကူးထားခြင်းဖြစ်သည်။ ဟာသဇာတ်ကားများသာ အရိုက်များနေသည့် ဒါရိုက်တာညီညီထွန်းလွင်၏ လက်ရာ ဤဇာတ်ကားမှာလည်း ပရိသတ် အကြိုက် ဟာသဇာတ်ကားပင်ဖြစ်ကာ သရုပ်ဆောင်အင်အားပြည့်ဖြင့် ဝေဝေဆာဆာ ဟာသရသမြောက်စွာ ရိုက်ကူးထားရာ စိတ်အပန်းဖြေလိုသူ ဟာသပရိသတ်များ နှစ်သက်ကြမည်ဖြစ်သည်။ အကယ်ဒမီမင်းမော်ကွန်း၊ အကယ်ဒမီ ခန့်စည်သူ၊ မိုးအောင်ရင်၊ ကျော်ကျော်ဗို၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊ မယ်လိုဒီ၊ စိုးပြည့်သဇင်၊ ဗေလုဝတို့ ခေါင်းဆောင်ပါဝင်ကြကာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ သုံးရုံ ဆက်လက်ပြသမည်ဖြစ်သည်။

**နိုင်ငံခြားရုပ်ရှင်**

ရွှေဆောင်ရုံတွင် နာမည်ကြီး ဘောလိဝုဒ် သရုပ်ဆောင် ပရီယန်ကာချိုပရားနှင့် ရန်ဘီကပူးရ်တို့ ပါဝင်သရုပ်ဆောင်ထားသည့် ANJAANA ANJAANI အင်္ဂလိပ်စာတန်းထိုး အိန္ဒိယအချစ်၊ ဟာသ၊ အက်ရှင်ဇာတ်ကား ပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိမြို့ကို ကျူးကျော်လာသော အခြားကမ္ဘာမှ ဂြိုဟ်သားများ၏ ဖမ်းဆီးခြင်းခံနေရသော လူသားများအား သက်စွန့်ဆံဖျား ကယ်တင်ပုံကို ရိုက်ကူးထားသည့် SKYLINE လျှို့ဝှက်သည်းဖိုသိပ္ပံဇာတ်ကား ပြသမည်ဖြစ်သည်။



**အချစ်လားလာထား ဟာသဇာတ်ကားသစ်မှ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်နှင့် မယ်လိုဒီတို့၏ သရုပ်ဆောင်ဟန်။**





နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ CLMV ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာ စားပွဲတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ CLMV ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်နှင့်ဇနီးတို့က နိုဝင်ဘာ ၁၆ ရက် ည ၇ နာရီတွင် ဖနောင်ပင်မြို့ Peace Palace ပထမထပ်ရှိ Rum Duol Room ၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းရှိန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ CLMV နိုင်ငံများမှ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် CLMV နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့်အတူ ညစာသုံးဆောင်သည်။

ဂုဏ်ပြုညစာသုံးဆောင်နေစဉ်အတွင်း ကမ္ဘောဒီးယားယဉ်ကျေးမှုအဖွဲ့ဝင်များက ရိုးရာတေးဂီတနှင့် တွဲဖက်၍ တေးသံသာများ၊ ရိုးရာအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ဖနောင်ပင်ဟိုတယ်သို့ ရောက်ရှိရပ်နားကြသည်။

(သတင်းစဉ်)

# ကျောက်ဖြူမြို့ လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝန်ကြီး ဦးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၈

**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် နိုဝင်ဘာ ၁၄ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိပြီး ဂီရိမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် အခြေခံပညာကျောင်းများ၊ ပညာရေးကောလိပ်၊ အစိုးရဌာနဆိုင်ရာ အဆောက်အအုံများအား ပြန်လည်ပြုပြင်တည်ဆောက်နေမှုများနှင့် တာတမံ ပြန်လည်ဆယ်ဖို့ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေကို ဆွေးနွေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။ ထို့နောက် ပညာရေးကောလိပ် စုဝေးခန်းမ၌ ပညာရေးကောလိပ်ရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကေတုမတီ(တောင်ငူ) မြို့တည်၊ နန်းတည်နှစ်(၅၀၀)ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ International Beverages Trading Co., Ltd. (IBTC) က အဓိက ကူညီပံ့ပိုးသော ကေတုမတီ(တောင်ငူ) မြို့တည်၊ နန်းတည်နှစ်(၅၀၀)ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂ ရက်မှ ၅ ရက်အထိ ကေတုမတီမြို့သစ်(တောင်ငူ)မြို့ရှိ Southern Star Golf Course ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် Professional (မြန်မာပီဂျီအေ)အဆင့်နှင့် အပျော်တမ်းအဆင့် (Handicap 0-12) အဆင့် ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဥပဒေသနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် (Hole In One) ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုများကို ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် ဖုန်း-၆၅၁၃၇၄ နှင့် ၀၉-၂၀၃၇၆၇၁ တို့သို့ အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# How To Get Clients/Customers To Come To You သင်တန်း ဖွင့်လှစ် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

Device Business Management Academy ကကြီးမှူး၍ How To Get Clients / Customers To Come To You သင်တန်းကို နိုဝင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech .Hall-2 ၌ နံနက် ၉နာရီမှ ညနေ ၅ နာရီထိ ဖွင့်လှစ်ကျင်းပမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် ပါမောက္ခ ဆရာကြီး ဒေါက်တာအောင်ထွန်းသက်နှင့် Device Business Management Academy မှ Managing Director ဆရာ ဦးတင်ဇံကျော်တို့က Case Study များ၊ Workshop များ၊ Group Presentation များဖြင့် စနစ်တကျ သင်ကြားပို့ချပေးမည်ဖြစ်ပြီး Member များအဖြစ် ပါဝင်ထားသော ကုမ္ပဏီများကလည်း ၎င်းတို့၏ ကုန်ပစ္စည်းများကို ခင်းကျင်းပြသရောင်းချပေးမည်ဖြစ်သဖြင့် အဆိုပါသင်တန်းသို့ တက်ရောက်လိုသူများ၊ မိမိ၏ကုမ္ပဏီနှင့် မိမိကုမ္ပဏီဝန်ထမ်းများ၏ အရည်အသွေးကို မြှင့်တင်လိုသူများ၊ Device နှင့် ပူးပေါင်းပါဝင်လိုသူများအနေဖြင့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်း မြန်မာ့ဂုဏ်ရည်အိမ်ရာရှိ Device Business Management Academy ဖုန်း-၀၁-၃၉၃၃၃၁၈၊ ၀၁-၃၉၃၀၆၈၊ ၀၁-၄၄၁၂၅၉၈၊ ၀၉-၉၉၂၅၈၂၇၊ ၀၉-၅၀၃၅၀၁၃၊ ၀၉-၅၁၄၀၉၁၆၊ ၀၉-၅၁၁၁၇၅၈ နှင့် ၀၉-၅၁၇၀၄၇၃ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အထက(၄) သာကေတ၌ ဟောပြော

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သံလွင်ခန်းမ၌ နိုဝင်ဘာ ၁၅ရက်က မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါး အလွဲသုံးမှုအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေး ဟောပြောပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ကိုကိုကြီးက ဟောပြောပွဲ ကျင်းပရခြင်းရည်ရွယ်ချက်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းကို ဟောပြောဆွေးနွေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဦးအေးမောင်က မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးအလွဲသုံးမှု ဥပဒေရေးရာများကိုလည်းကောင်း၊ အရှေ့ပိုင်းမူးယစ်အဖွဲ့မှ ဒုတိယရဲအုပ် နေလင်းထွန်းက မူးယစ်ဆေးဝါးများ စတင်ပေါ်ပေါက်လာပုံအဆင့်ဆင့်ကို ရုပ်ပုံကားချပ်နှင့် ပရိုဂျက်တာပြသ၍လည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

(၅၃)

# မြန်အောင်မြို့၌ မီးလောင်ကျွမ်းမှုဖြစ်ပွား နေအိမ်ငါးလုံး မီးလောင်ဆုံးရှုံးခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ (၄)ရပ်ကွက် ကြာနီကန်လမ်းမကြီးရှိ နေအိမ်တစ်လုံးမှ နိုဝင်ဘာ ၁၅ရက် နံနက် ၁၁နာရီခန့်တွင် မီးစတင်လောင်ကျွမ်းခဲ့သဖြင့် ပျဉ်ထောင်သွပ်မိုး အိမ်လေးလုံး၊ တိုက်ခံအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးဘေးသင့်ဒုက္ခသည်များအား တာဝန်ရှိသူများက ယာယီနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း၊ မီးလောင်မှုနှင့်ပတ်သက်၍ မီးစတင်လောင်ကျွမ်းသည့် နေအိမ်မှ အိမ်ရှင် ဦးချစ်လွင်အား အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံအားကစားအသင်း ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၈**

(၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ကျင်းပသော အမျိုးသား မီတာ ၁၀၀၀ နဂါးလှေပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် လှေလှော်အားကစားအဖွဲ့က ဒုတိယငွေတံဆိပ် ဆွတ်ခူးရရှိပြီး အင်ဒိုနီးရှားက ပထမ၊ ကိုရီးယားသမ္မတနိုင်ငံက တတိယရရှိကြသည်။

ယနေ့အထိ မြန်မာနိုင်ငံက ငွေတံဆိပ်ဆုသုံးခုနှင့် ကြေးတံဆိပ်တစ်ခုတို့ကို ဆွတ်ခူးရရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၉-၁၁-၂၀၁၀ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်) |
| ၇း၅၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၆။ | အတီးပြိုင်ပွဲ |
| ၈း၁၅ | ၇။ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၈း၂၅ | ၈။ | "အသက်ကလေးရယ်တဲ့ ရှည်စေလို" |
| ၈း၄၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | တန်ဆောင်တိုင်တေးများ |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၃း၄၅ | ၁။ | **ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်** |
| | | **မြန်မာ့လက်ရွေးစင်အသင်းနှင့် ဒါလီယံကလပ်အသင်း** |
| ၅း၄၅ | ၂။ | တေးဂီတအစီအစဉ် |
| ၆း၀၀ | ၃။ | ညနေခင်းသတင်း |
| ၆း၁၅ | ၄။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၅။ | ရသစုံလင် အင်တာနက်ဉယျာဉ် |
| ၇း၀၀ | ၆။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရန်မဲ့ . . . ရင်ခုန်သံ" (အပိုင်း-၁၂)** |
| ၈း၀၀ | ၇။ | ပြည်တွင်းသတင်း |
| | ၈။ | နိုင်ငံတကာသတင်းများ |
| | ၉။ | မိုးလေဝသအခြေအနေ |
| | ၁၀။ | "လျှပ်တစ်ပြက်ဟာသများ" |
| | ၁၁။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၃)** |
| | ၁၂။ | သီချင်းချစ်သူ (နော်လီဇာ) |
| | ၁၃။ | အစီအစဉ်ပြီး၏။ |

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

# (၅)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၄)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေး တက်ရောက်ရန် ဖနောင်ပင်မြို့သို့ ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် (၅)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၄)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။**

### ခရီးဦးကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းရှိန်နှင့် ကမ္ဘောဒီးယား နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Prak Ngoung Hong တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် လေယာဉ်ပေါ်မှ ဆင်းသက်လာကြရာ လေယာဉ်လှေကားထိပ်မှ ကမ္ဘောဒီးယားအမျိုးသမီးငယ်တစ်ဦးက နိုင်ငံတော်ဝန်ကြီးချုပ်အား ဂုဏ်ပြုပန်းကုံးပေးအပ်၍ ကြိုဆိုသည်။

### ကြိုဆိုနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Ouch Borith နှင့် အဆင့်မြင့်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား မြန်မာအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်၍ ဂါရဝပြုကြိုဆိုသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၏ဇနီး ဒေါ်စုညွှန့်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် သန်းဝင်း၊ မြန်မာသံရုံးနှင့်စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြုကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ ဖနောင်ပင်ဟိုတယ်သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Ouch Borith ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

### တွေ့ဆုံမှာကြား

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးနှင့် စစ်သံမှူးတို့ ဦးဆောင်သော သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် ပြည်ပသင်တန်းတက်ရောက်နေသော ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။** (သတင်းစဉ်)



# နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဖနောင်ပင်မြို့ရှိ မြန်မာနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများက ဂါရဝပြုနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၁၈

**ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား နိုဝင်ဘာ ၁၅ ရက် ညပိုင်းတွင် ဖနောင်ပင်မြို့ရှိ မြန်မာနိုင်ငံ သံရုံးဧည့်ခန်းမ၌ သံအမတ်ကြီး ဦးဝင်းရှိန်နှင့် ဇနီး ဒေါ်စုညွှန့်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် သန်းဝင်း၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ကြသည်။**

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား သံအမတ်ကြီးနှင့် စစ်သံမှူးတို့ ဦးဆောင်သော သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် ပြည်ပသင်တန်းတက်ရောက်နေသော သင်တန်းသားများက မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ ဂါရဝပြုကန်တော့ကြသည်။

### ကြိုးပမ်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ်၏ ပဉ္စမအဆင့်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ် နိုဝင်ဘာ(၇)ရက်က လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် ကျင်းပပြုလုပ်ပေးခဲ့သည့် အခြေအနေ၊ ရွေးကောက်ပွဲကို ပြည်တွင်းရှိ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား မဲရုံများတွင် ကိုယ်တိုင်လေ့လာခွင့်ပြုခဲ့သည့် အခြေအနေနှင့် ကျန်ရှိသည့် လုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိ စိုက်ပျိုးရေးနိုင်ငံ အခြေအနေမှ စက်မှုနိုင်ငံထူထောင်သွားရမည့် အခြေအနေတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး သံရုံးဝန်ထမ်းများသည် သံတမန်ကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရေး၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ အကျိုးစီးပွားဖြစ်ထွန်းရေးနှင့် နှစ်နိုင်ငံအကြားရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးကို အလေးထား ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

### လက်ဆောင်ပစ္စည်းများပေးအပ်

ယင်းနောက် ဝန်ကြီးချုပ်သည် သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့် ပြည်ပသင်တန်း တက်ရောက်နေသည့် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

# ဘဝရှေ့ဆောင် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၁၈

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ကျောင်းရွာ ဘဝရှေ့ဆောင်ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ဘဝရှေ့ဆောင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ငွေကျပ် ငါးသိန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ်မှ သုတရသစာအုပ် ၂၀၀ တို့ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဦးသန်းထွန်းကလည်းကောင်း၊ စာကြည့်တိုက်မြေနေရာအလှူရှင် ဦးသောင်းရွှေ၊ ဒေါ်ဝင်းသီတာတို့က မြေနေရာလွှဲပြောင်းမှု စာရွက်စာတမ်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် ကျေးရွာပြည်သူများကိုယ်စား ဦးဝင်းမောင်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် စာကြည့်တိုက် အဆောက်အအုံသစ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး (စီမံ) ဦးမောင်ဖေနှင့် မြို့နယ်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စာကြည့်တိုက်သည် အလျား ပေ ၃၀ အနံ ၂၄ ပေ၊ အုတ်ညှပ်သွပ်မိုး အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်မှ မတည်ငွေကျပ် ၁၀ သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ငွေကျပ် ငါးသိန်း၊ ပြည်သူလူထု ထည့်ဝင်လှူဒါန်းငွေကျပ် ခြောက်သိန်း စုစုပေါင်း ၂၁ သိန်းဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

**ဗလငါးတန် ဖွံ့ဖြိုးဖို့**

**စာအုပ်စာပေ လေ့လာစို့**

နိုင်ငံတကာသတင်းများ



## လေယာဉ်မှူးအိပ်ငိုက်သောကြောင့် အိန္ဒိယလေယာဉ်ပျက်ကျခဲ့ဟုဆို

**နယူးဒေလီ နိုဝင်ဘာ ၁၈**

အိန္ဒိယနိုင်ငံတောင်ပိုင်း၌ မေလအတွင်းလူ ၁၅၈ ဦးသေဆုံးခဲ့ရသည့် ခရီးသည်လေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ရာ ယင်းဖြစ်စဉ်၏ အဓိက အကြောင်းတရားမှာ လေယာဉ်ကို ထိန်းချုပ်မောင်းနှင်သော လေယာဉ်မှူး အိပ်ငိုက်နေခြင်းကြောင့်ဖြစ်ကြောင်း နိုဝင်ဘာ ၁၇ ရက် သတင်းများတွင် ဖော်ပြသည်။

အိပ်ငိုက်နေသော လေယာဉ်မှူးသည် ပြေးလမ်းကို ချဉ်းကပ်ရာတွင် လမ်းကြောင်းမှားဖြင့် ချဉ်းကပ်ခဲ့ပြီး သတိပေး သင်္ကေတများကိုလည်း လျစ်လျူရှုခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ပျက်ကျခဲ့သော အိန္ဒိယလေကြောင်းလိုင်းပိုင် လေယာဉ်၏ လေယာဉ်မှူး ဆာဘီးယားနိုင်ငံသား ဇလက်ကို ဂလူစီကာသည် "လေယာဉ်ပျံသန်းချိန်သုံးနာရီအနက် အချိန်အတော်များများတွင် အိပ်စက်နေခဲ့ကြောင်း၊ လေယာဉ်စတင် ဆင်းသက်ချိန်တွင် ၎င်းသည် အိပ်မှုန်စုံမွှားဖြစ်နေကြောင်း စစ်ဆေးဖော်ထုတ်ချက်များအရ သိရသည်။

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့မှ အိန္ဒိယနိုင်ငံ မင်ဂလောမြို့သို့ ပျံသန်းလာသည့် အဆိုပါလေယာဉ်သည် ပြေးလမ်းချော်၍ ချောက်ထဲကျကာ မီးလောင်ပေါက်ကွဲခဲ့သည်။ လိုက်ပါလာသူများအနက် ရှစ်ဦးသာ အသက်ရှင်သည်။

လေယာဉ်မှူးဂလူစီကာသည် လေယာဉ်ပျံသန်းမှု အတွေ့အကြုံနာရီပေါင်း ၁၀၂၀၀ ရှိပြီး တွဲဖက်လေယာဉ်မှူးမှာ ၃၆၅၀ နာရီရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**အေအက်ဖ်ပီ။**

## ဗုံးပါဝင်ဖွယ်ရှိသည့် ခရီးဆောင်သေတ္တာ နမီးဘီးယားလေဆိပ်၌ ရှာဖွေတွေ့ရှိ

**ဘာလင် နိုဝင်ဘာ ၁၈**

နမီးဘီးယားနိုင်ငံလေဆိပ်ရှိ ခရီးဆောင်သေတ္တာ စစ်ဆေးရေးဌာနတွင် ဗုံးတစ်လုံးပါဝင်သည်ဟု မသင်္ကာရသည့် ခရီးဆောင်သေတ္တာတစ်လုံးကို ရှာဖွေတွေ့ရှိရကြောင်း၊ အဆိုပါ သေတ္တာကို အဲဘာလင်လေကြောင်းဌာန၏ ခရီးသည်တင် လေယာဉ်ပေါ်သို့ တင်ဆောင်ရန် ဆောင်ရွက်နေချိန်အတွင်း ရှာဖွေတွေ့ရှိရခြင်းဖြစ်ကြောင်း ဂျာမနီဖက်ဒရယ်မှုခင်းရုံးက နိုဝင်ဘာ ၁၈ရက်တွင် ပြောကြားသည်။

အဲဘာလင်လေကြောင်းဌာန၏ ခရီးစဉ်အဖြစ် ဂျာမနီနိုင်ငံ မြူးနစ်မြို့သို့ ပျံသန်းမည့်လေယာဉ်ပေါ်သို့ ဗုံးပါဝင်သည်ဟု ယူဆရသော သေတ္တာတစ်လုံးကို တင်ဆောင်ခြင်းမရှိမီ နမီးဘီးယားနိုင်ငံ ဝန်းပုတ်လေဆိပ်၌ ရှာဖွေတွေ့ရှိရခြင်းဖြစ်သည်။

ဗုံးပါဝင်သည်ဟု မသင်္ကာရသည့် ခရီးဆောင်သေတ္တာကို မည်သူက ယူဆောင်လာခဲ့သည်ကို မသိရပေ။ ယခုအချိန်အထိ မည်သူတစ်ဦးတစ်ယောက်ကမျှ ယင်းသေတ္တာနှင့် သက်ဆိုင်သည်ဟု ထုတ်ဖော်ပြောဆိုခြင်း မရှိပေ။

ဂျာမနီနိုင်ငံသည် အကြမ်းဖက်သမားများ၏ ပစ်မှတ်တွင် ပါဝင်နေသဖြင့် လုံခြုံရေးသတိရှိကြရန် အစိုးရက ယခုရက်သတ္တပတ် အစောပိုင်းတွင် နှိုးဆော်ခဲ့သည်။

**အင်တာနက်။**

# ဂျာမနီနိုင်ငံကို တိုက်ခိုက်ရန် အစ္စလာမ္မစ် အစွန်းရောက်များ ကြံစည်နေဟုဆို

**ဘာလင် နိုဝင်ဘာ ၁၈ -** လာမည့်ရက်သတ္တနှစ်ပတ်အတွင်း အစ္စလာမ္မစ်စစ်သွေးကြွများကတိုက်ခိုက်ရန်စီစဉ်လျက်ရှိသည်ကို အထောက်အထား ခိုင်မာစွာရရှိထားပြီဖြစ်ကြောင်း ဂျာမနီနိုင်ငံက ဗုဒ္ဓဟူးနေ့တွင် ထုတ်ဖော်ပြောကြားပြီး ပစ်မှတ်များဖြစ်လာနိုင်ဖွယ်ရာရှိသည့် မီးရထားဘူတာရုံများနှင့် လေဆိပ်များကို လုံခြုံရေးတင်းကျပ်စွာချထားရန် အမိန့်ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် အောက်တိုဘာလကုန်တွင် ယီမင်နိုင်ငံမှ အမေရိကန်ပြည်ထောင်စုအတွင်းရှိ ပစ်မှတ်များကို တိုက်ခိုက်ရန် ပါဆယ်ဗုံးများ ပေးပို့ခဲ့ပြီး ဂျာမန်ဝန်ကြီးချုပ် အန်ဂျလာမာကယ်လ်အပါအဝင် အရေးပါသော ပုဂ္ဂိုလ်များထံ ဂရိစစ်သွေးကြွများဟု ယူဆသူများက ပါဆယ်ဗုံးပေးပို့မှုများဖြစ်ပွားပြီးနောက် စစ်သွေးကြွတို့၏ လျှို့ဝှက်အကြံအစည်ကို ပြည်ထဲရေးဝန်ကြီး သောမတ်စ်ဒီမီးဇီးရီးက အသေးစိတ်ပြောကြားခဲ့သည်။

ဘာလင်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဒီမီးဇီးရီးကဂျာမနီနိုင်ငံအတွင်း လုံခြုံရေးအရ ခြိမ်းခြောက်မှုများ မြင့်တက်လာနေကြောင်း၊ နိုဝင်ဘာလကုန်တွင် အကြမ်းဖက်တိုက်ခိုက်ရန် စီစဉ်ထားခြင်းကို ထောက်လှမ်းရေးက အထောက်အထားအခိုင်အမာရရှိထားကြောင်း ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် စစ်သွေးကြွတို့၏ လျှို့ဝှက်အကြံအစည်ကို အသေးစိတ်ထုတ်ဖော်မပြောကြားသော်လည်း အယ်လ်ခိုင်ဒါများက ဗြိတိန်နှင့်ဂျာမနီနိုင်ငံတို့ကို အကြမ်းဖက်တိုက်ခိုက်ရန်စီစဉ်နေကြသည်ဟု ထောက်လှမ်းရေးတာဝန်ရှိသူများက ယူဆနေကြကြောင်း ဂျာမနီမီဒီယာများက ဖော်ပြသည်။

ပစ်မှတ်များဖြစ်လာနိုင်ဖွယ်ရှိသည့် နိုင်ငံတစ်ဝန်းရှိ မီးရထားဘူတာရုံများ၊ လေဆိပ်များကို လုံခြုံရေးတင်းကျပ်ကြရန် ဂျာမနီရဲတပ်ဖွဲ့ကို ညွှန်ကြားထားခဲ့ပြီဖြစ်သည်ဟု ဝန်ကြီးက ပြောကြားသည်။

**အမ်အင်အေ၊ ရိုက်တာ။**



**ဂျာမနီနိုင်ငံ ဘာလင်မြို့၏ အဓိက မီးရထားဘူတာရုံ တစ်ရုံတွင် လုံခြုံရေး စောင့်ကြပ်နေသော ဂျာမန်ရဲတပ်ဖွဲ့ဝင် နှစ်ဦးကို နိုဝင်ဘာ ၁၇ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## ဗီဇာကင်းလွတ်ခွင့်ပေးမည့်သဘောတူညီချက် ထိုင်းနှင့်ကမ္ဘောဒီးယား လက်မှတ်ရေးထိုး

**ဖနောင်ပင် နိုဝင်ဘာ ၁၈**

ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် စီးပွားရေးလုပ်ငန်းများနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတို့ကို မြှင့်တင်နိုင်ရန် ဗီဇာကင်းလွတ်ခွင့်ပေးမည့် သဘောတူညီချက်တစ်ရပ်ကို နိုဝင်ဘာ ၁၇ ရက်တွင် လက်မှတ်ရေးထိုးလိုက်ကြသည်။

အဆိုပါ သဘောတူညီချက်ကို ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး ဟော်နန်ဟောင်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကာဆစ်ပီရိုမယာတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့် ထိုင်းဝန်ကြီးချုပ် အဘီဆစ်ဝဲချာချီဝတို့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် အဆိုပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

ထိုင်းနှင့် ကမ္ဘောဒီးယားပြည်သူများသည် ပြည်ပဗီဇာလျှောက်ထားရန် မလိုအပ်ဘဲ ခရီးသွားလာနိုင်ကြမည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းများနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတို့ကို မြှင့်တင်အားပေးနိုင်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ဗီဇာကင်းလွတ်ခွင့်ရရေး သဘောတူညီချက်သည် ရက်ပေါင်း ၃၀ အတွင်း အာဏာသက်ဝင်လာမည်ဖြစ်သည်။

**အင်တာနက်။**

## လူ ၆၀ကျော် သေဆုံးခဲ့သည့် အဆောက်အအုံပြိုကျမှု ဖြစ်ပွားပြီးနောက် အန္တရာယ်ရှိသည့်အဆောက်အအုံများ အိန္ဒိယအစိုးရ ဖယ်ရှားမည်



**နယူးဒေလီ နိုဝင်ဘာ ၁၈**

နယူးဒေလီမြို့တော်၌ နိုဝင်ဘာ ၁၅ရက် ညပိုင်းက လူများအပြည့်အသိပ်နေထိုင်ကြသော ငါးထပ်အဆောက်အအုံတစ်လုံး ပြိုကျ၍ လူ ၆၇ဦးသေဆုံးခဲ့ပြီးနောက် အခင်းဖြစ်ပွားရာနေရာအနီးတစ်ဝိုက်မှ အဆောက်အအုံ ဒါဇင်ပေါင်းများစွာကို ဖယ်ရှားရန် အိန္ဒိယအစိုးရက နိုဝင်ဘာ ၁၇ရက်တွင် ညွှန်ကြားခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီတွင် နေထိုင်ကြသည့် ဆင်းရဲသားတို့၏ အန္တရာယ်ကြီးမားသော နေထိုင်မှု အခြေအနေကို ဖော်ညွှန်းနေသည့် အဆိုပါ ငါးထပ် အဆောက်အအုံပြိုကျမှုကြောင့် မြို့တော်တစ်ခုလုံး ချောက်ချားခဲ့ရပြီး အဆောက်အအုံပိုင်ရှင်လည်း အဖမ်းခံခဲ့ရသည်။

အိမ်ပိုင်ရှင်သည် တရားဝင်ခွင့်ပြုချက်မရှိဘဲ အထပ်နှစ်ထပ်ကို ပိုမိုတည်ဆောက်ခဲ့ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားသည်။

ပြိုကျခဲ့ရသော အဆောက်အအုံသည် မိုးသည်းထန်စွာရွာသွန်း၍ ရေတိုက်စားမှုဒဏ်ခံရမှုကြောင့် ပြိုကျခဲ့ရခြင်းဖြစ်ကြောင်း အာဏာပိုင်များက ဆိုသည်။ ယင်းအပြင် အဆိုပါ အဆောက်အအုံတည်ရှိရာ ရပ်ကွက်တွင်းရှိ အခြားအဆောက်အအုံ ၃၈လုံးမှာလည်း ရေတိုက်စားမှုကြောင့် ယိုယွင်းလျက်ရှိပြီး ပြိုကျမည့်အန္တရာယ်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ အဆောက်အအုံများ ပြိုကျရခြင်းအကြောင်းရင်းများအနက် ဆောက်လုပ်ရေးပစ္စည်းများ အရည်အသွေးညံ့ဖျင်းမှုနှင့် အုတ်မြစ်ခိုင်မာအောင် တည်ဆောက်ခြင်းမရှိသည်တို့လည်း ပါဝင်ကြောင်း သိရသည်။

**အေပီ။**

# လက်ဘနွန်နယ်စပ်ကျေးရွာမှ တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရန် အစ္စရေးသဘောတူ

**ဂျေရုဆလင် နိုဝင်ဘာ ၁၈ -** လက်ဘနွန်နယ်စပ်ရှိ ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသော ကျေးရွာ၌တပ်စွဲထားသည့် တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန်နှင့် ယင်းနေရာအား ထိန်းချုပ်မှုကို ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ လက်တွင်းသို့ လွှဲပြောင်းရန် အစ္စရေးအစိုးရ လုံခြုံရေးဆိုင်ရာဝန်ကြီးအဖွဲ့က နိုဝင်ဘာ ၁၇ရက်တွင် သဘောတူညီခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။



ဂါဂျာကျေးရွာမြောက်ပိုင်း၌ တပ်စွဲထားသော အစ္စရေးကာကွယ်ရေးတပ်ဖွဲ့(အိုင်ဒီအက်ဖ်)တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရေးအတွက် ကုလသမဂ္ဂနှင့် ကုလသမဂ္ဂကြားခံတပ်ဖွဲ့ (လက်ဘနွန်)တို့က အဆိုပြုခဲ့သော စည်းမျဉ်းများကို လက်ခံရန် လုံခြုံရေးဆိုင်ရာဝန်ကြီးများကော်မတီက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

တပ်ရုပ်သိမ်းရေး အစီအစဉ်အရ အစ္စရေးနိုင်ငံသည် ၎င်း၏ တပ်ဖွဲ့ဝင်များကို ဂါဂျာကျေးရွာမြောက်ပိုင်းမှ ရုပ်သိမ်း၍ ကုလသမဂ္ဂ နယ်စပ်အနားသတ်မျဉ်းဖြစ်သော မျဉ်းပြာ၏ တောင်ပိုင်း၌ ပြန်လည်ဖြန့်ကြက်ထားရမည်ဖြစ်သည်။

ယင်းသို့ အစ္စရေးတပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ချက်ကြောင့် ဂါဂျာကျေးရွာမြောက်ပိုင်း၏ အုပ်ချုပ်ရေးကို ကုလသမဂ္ဂကြားခံတပ်ဖွဲ့ (လက်ဘနွန်)က တာဝန်ယူရမည်ဖြစ်ပြီး ၎င်း၏တပ်ဖွဲ့ဝင်များကို ကျေးရွာ၏ မြောက်ဘက်ပိုင်း စည်းရိုးအပြင်ဘက်တွင် ပြန်လည်ဖြန့်ကြက်ရမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ အစ္စရေးလုံခြုံရေးဆိုင်ရာ ဝန်ကြီးများကော်မတီ၏ ဆုံးဖြတ်ချက်ကို အစ္စရေးနိုင်ငံခြားရေးဝန်ကြီးက ကုလသမဂ္ဂကြားခံတပ်ဖွဲ့(လက်ဘနွန်)၏ တပ်မှူးကို ပုဂ္ဂိုလ်ရေးအရ အသိပေးခဲ့ကြောင်း ကုလတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**အေအက်ဖ်ပီ။**

**လက်ဘနွန်နှင့် အစ္စရေးမြောက်ပိုင်းနယ်စပ်ရှိ ပိုင်ဆိုင်ခွင့် အငြင်းပွားနယ်မြေ ဂါဂျာကျေးရွာအတွင်း လုံခြုံရေး စောင့်ကြပ်လျက်ရှိသော အစ္စရေးတပ်ဖွဲ့ဝင် တစ်ဦးကို နိုဝင်ဘာ ၁၇ ရက်က တွေ့ရစဉ်။**

## မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးမျိုးသက်ရွှေ (ဦးဆောင်ညွှန်ကြားရေးမှူး၊ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန)-ဒေါ်တင်တင်ချို တို့၏ သားကြီး

**မောင်သူရိန်မျိုးသက်**

**B.A (Business Management), Diploma in IT**
**Mother Trading Co.,Ltd.**

**နှင့်**

စစ်ကိုင်းမြို့နေ
ဦးဌေးဝင်း-ဒေါ်နုနုရီ (နေခြည်ဆန်း ဆေးလိပ်လုပ်ငန်း)တို့၏ သမီးငယ်

**မဆွေဇင်ဌေး**

**B.Sc (Hon),M.Sc, M.Res (Chem)**

တို့၏ ၁၇-၁၁-၂၀၁၀ရက် (ဗုဒ္ဓဟူးနေ့)တွင် မန္တလေးမြို့ Oriental House မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)နှင့် ဇနီး ဒေါ်မြတ်ငွေတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်နှင့် ဇနီး ဒေါ်ခိုင်မေကြူတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဆရာဦးအောင်မြင့်အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက် မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်း ပေးပို့ပေးပါသော ရပ်ဝေးရပ်နီးမှ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးတို့ကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်သူရိန်မျိုးသက်-မဆွေဇင်ဌေး**



## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးတင်လှ (ညွှန်ကြားရေးမှူး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)-ဒေါက်တာဒေါ်ခင်စောမူတို့၏သား

**မောင်ဇေယျာမင်းမင်း**

**3rd Class Engineer (IMT, CD-29)**
**MIRACO MARINE SERVICES Pte Ltd.**

နှင့်

စစ်ကိုင်းမြို့နေ
ဦးချို(စာရင်းစစ်မှူး-ငြိမ်း) စစ်ကိုင်းတိုင်းစာရင်းရုံး-ဒေါ်ခင်သီအေးတို့၏သမီး

**မကေသီ**

**B.Com, C.P.A, Part (II)**

တို့၏ ၁၃-၁၁-၂၀၁၀ ရက်တွင် ရန်ကုန်မြို့ SUMMIT PARKVIEW HOTEL ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မေတ္တာဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဇေယျာမင်းမင်း-မကေသီ**


**အားကစား**
**မြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်**
**မူးယစ်ဆေး**

# ထင်မှတ်ထားသည်ထက် ပိုကြည့်ကောင်းခဲ့သော မြန်မာနှင့် Dalian အသင်းတို့ ခြေစမ်းပွဲ ယနေ့ ညနေတွင် ထပ်မံအကဲစမ်းဦးမည်

**သုံးသပ်ရေးသားသူ-စိုးမိုး (IBC)**
**ဓာတ်ပုံ-ဇာနည် (MFF)**

ပြီးခဲ့သည့် နိုဝင်ဘာ ၁၇ ရက် ညနေ ၄နာရီက သုဝဏ္ဏဘောလုံးကွင်းတွင် အကဲစမ်းခဲ့ကြသော နိုင်ငံတကာခြေစမ်းပွဲမှာ ထင်မှတ်ထားသည်ထက် ပိုအကြိတ်အနယ်ရှိခဲ့သလို စိတ်လှုပ်ရှားမှုလည်း အတော်ပေးစွမ်းခဲ့သည်။ အကြောင်းမှာ အဆိုပါခြေစမ်းပွဲတွင် နှစ်သင်းပေါင်း သွင်းဂိုးကိုးဂိုးအထိ ရှိခဲ့သည်။ ဘောလုံးပွဲတစ်ပွဲ၏ အမြင့်ဆုံးရသမှာ "ဂိုးသွင်းခြင်း" ဖြစ်ခြင်းကြောင့် ယခုကဲ့သို့ ဂိုးတွေ အပြန်အလှန်သွင်းပြီး ပွဲချိန်အပြည့် စိတ်လှုပ်ရှားဖွယ် ကောင်းလောက်အောင် အကြိတ်အနယ်ရှိခဲ့သည့်အတွက် ကွင်းထဲသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကြည့်ရှုကြသော ပရိသတ်များအတွက် "တန်သည်ဟု" ဆိုနိုင်သည်။

နိုင်ငံတကာ ချစ်ကြည်ရေး ခြေစမ်းပွဲဟုဆိုသော်လည်း နှစ်သင်းစလုံးက တကယ့်ပြိုင်ပွဲအတိုင်း အနိုင်ရရှိရေးအတွက် ပွဲချိန်ပြည့် မခိုမကပ် ကျားကုတ်ကျားခဲ ကစားသွားခဲ့ခြင်းကြောင့် ပွဲမှာ နောက်ဆုံးမိနစ်အထိ လှုပ်လှုပ်ရှားရှားဖြစ်ခဲ့သလို ပရိသတ်အတွက်လည်း "ဟာခနဲ ဟင်ခနဲ"ဖြစ်အောင် ဘောလုံးရင်ခုန်မှုရသများ ခံစားရစေခဲ့သည်။

ကစားခဲ့သည့်နှစ်သင်းက ပဏာမမြန်မာ့လက်ရွေးစင် အသင်းနှင့် တရုတ်စူပါလီဂ်ကလပ် Dalian Shide အသင်းတို့ဖြစ်သည်။ မြန်မာအသင်းတွင် ပြီးခဲ့သော MNL Grand Royal 2010 အမှတ်ပေးပြိုင်ပွဲတွင် အထူး ခြေစွမ်းပြခဲ့ကြသည့် နာမည်ကြီး ကစားသမားအားလုံးနီးပါး ပါဝင်နေသလို Dalian Shide အသင်းတွင်လည်း တရုတ်အိုလံပစ်လက်ရွေးစင်လေးဦး၊ တရုတ်စီနီယာအသင်း လက်ရွေးစင်နှစ်ဦးအပြင် ခြေစွမ်းနှင့် ကစားအားကောင်းသော လူငယ်ဘောလုံးသမားများစွာ ပါဝင်လာခြင်းကြောင့် ပွဲက အပြန်အလှန်ရှိခဲ့သည်။



| တရုတ် စူပါလီဂ်ကလပ် Dalian Shide အသင်း။ |

မြန်မာအသင်းမှာ လာမည့် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတွင် မြင့်မားသည့် အောင်မြင်မှုများရရှိရန် တောင့်တင်းသော အုပ်ချုပ်/နည်းပြအဖွဲ့၊ ကစားသမားအဖွဲ့များဖြင့် စနစ်တကျ ဖွဲ့စည်းပြင်ဆင် လေ့ကျင့်နေသော အသင်းဖြစ်၍ ညှော်သည်အသင်းက အလေးထား ယှဉ်ပြိုင်သွားခဲ့သည်ကို တွေ့ရသည်။ စုပေါင်းလေ့ကျင့်ချိန် ရက်ပိုင်းသာ ရှိသေးသော်လည်း မြန်မာကစားသမားများ၏ စိတ်ဓာတ်၊ ခြေစွမ်းနှင့် ကြိုးစားမှုမှာ အတော်ကောင်းမွန်ခဲ့သောကြောင့် ညှော်သည်အသင်း အတွက်လည်း အလွန်ခက်ခဲသည့် ပြိုင်ဘက်ကောင်း ဖြစ်ခဲ့သည်။



| ပဏာမ မြန်မာ့လက်ရွေးစင် အသင်း။ |

စုပေါင်းလေ့ကျင့်ရက် အနည်းငယ်သာရှိသေးသော မြန်မာအသင်း အနေဖြင့် ပထမခြေစမ်းပွဲတွင် တောင့်တင်းလှသော တရုတ်ကလပ်အသင်းကို သူတင်ကိုယ်တင် ကစားနိုင်ခဲ့သည်မှာ အသိအမှတ်ပြုရပါမည်။ နိုဝင်ဘာ ၁၉ ရက် ညနေ ၄ နာရီတွင် ထပ်မံကစားမည့် ဒုတိယခြေစမ်းပွဲတွင် မြန်မာအသင်း၏ ကစားပုံမှာ ပိုမိုတိုးတက်လာနိုင်သလို ညှော်သည် Dalian အသင်းကလည်း ပထမပွဲကလို ရလဒ်ကောင်းအောင် ထပ်မံကြိုးစားမည့်အနေအထားရှိသည်။ မြန်မာအသင်းကိုလည်း အထင်ကြီးလေးစားမှုဖြင့် ပိုမိုပြင်ဆင်လာမှာ သေချာသည်။ သို့အတွက် မြန်မာအသင်းအနေဖြင့် ပထမခြေစမ်းပွဲက ရှုံးကြွေးကို မကျေပွဲအဖြစ် နိုင်အောင် ကြိုးစားပြနိုင်မည်လား။ ညှော်သည်အသင်းကပဲ ပထမပွဲကလို ထပ်မံ အနိုင်ယူသွားဦးမည်လား ဆိုသည့်ကို ယနေ့ညနေတွင် သုဝဏ္ဏကွင်း၌ ခံစား အဖြေရှာရတော့မည်။ သေချာသည့် အချက်ကတော့ ယခုပွဲမှာ ပထမပွဲထက် ပိုကြည့်ကောင်းပြီး ပရိသတ်အကြိုက်တွေ့မည့် ပွဲကြီးပွဲကောင်းဖြစ်လာမည်ဟု ယုံကြည်နေမိပါသည်။

# တောင်အာဖရိက ကမ္ဘာ့ဖလားပြိုင်ပွဲ အပိုဆုကြေးများ စွန့်လွှတ်ရန် ပြင်သစ်အသင်းသားများ သဘောတူ

လန်ဒန် နိုဝင်ဘာ ၁၈

**တောင်အာဖရိကနိုင်ငံတွင် ကျင်းပသည့် ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်တွင် ပါဝင်ခဲ့သည့် ပြင်သစ်ကစားသမားများသည် ၎င်းတို့၏ ပုံရိပ်များအသုံးပြုမှုဆိုင်ရာ အခွင့်အရေးနှင့် ဆက်နွှယ်သော အပိုဆုကြေးငွေများကို စွန့်လွှတ်ရန် သဘောတူညီခဲ့ကြောင်း ပြင်သစ်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အက်ဖ်အက်ဖ်)၏ ယာယီဥက္ကဋ္ဌက နိုဝင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။**



**ပြင်သစ်ဘောလုံးအဖွဲ့ချုပ် ယာယီဥက္ကဋ္ဌ ဖာနန်ဒူချောက်ဆိုး**(အလယ်ပုံ)**ကို တွေ့ရစဉ်။**

ပြင်သစ် အသင်းသားများ၏ ကမ္ဘာ့ဖလား ဆုကြေးငွေများနှင့် ပတ်သက်၍ သတင်းမှား အများအပြားထွက်ပေါ်ခဲ့ကြောင်း ပြင်သစ်ဘောလုံးအဖွဲ့ချုပ် ယာယီဥက္ကဋ္ဌ ဖာနန်ဒူချောက်ဆိုးက ဆိုသည်။

တောင်အာဖရိက ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် ပြင်သစ်အသင်းသားများကို လန်ဒန်မြို့၌ တွေ့ဆုံကာ နားလည်မှုလွဲမှားခြင်းများ အဆုံးသတ်ရေးအတွက် ဆွေးနွေးရန် မိမိအနေဖြင့် ဆုံးဖြတ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**အတည်ပြု**

ကမ္ဘာ့ဖလား ပြိုင်ပွဲအတွက် ပြင်ဆင်ချိန်မှသည် ဗိုလ်လုပွဲရောက်သည်အထိ ၎င်းတို့ခံစားနိုင်မည့် အပိုဆုကြေးငွေများကို စွန့်လွှတ်ရန်ကတိကဝတ်အား ပြင်သစ်ကစားသမားများက ထပ်လောင်းအတည်ပြုခဲ့သည်ဟု ဆိုသည်။

ပြင်သစ် ကစားသမားများ ရရှိမည့် ဆုကြေးငွေ ယူရိုသုံးသန်းကို အပျော်တမ်း ဘောလုံးအသင်းများ၏ ဘဏ္ဍာငွေ တောင့်တင်းရေးအတွက် လွှဲပြောင်းပေးမည့် ပြင်သစ် ဘောလုံးအဖွဲ့ချုပ်၏ အစီအစဉ်ကိုလည်း တောင်အာဖရိက ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အသင်းသားများက ထောက်ခံကြောင်း ပြင်သစ်ဘောလုံးအဖွဲ့ချုပ် ယာယီဥက္ကဋ္ဌက ဆိုသည်။

**အင်တာနက်။**

# ၂၀၁၂ ဥရောပလာဘ်ကောင် ရွေးချယ်ပြီးစီး

**ဝါဆော နိုဝင်ဘာ ၁၈**

ပိုလန်နှင့် ယူကရိန်းနိုင်ငံတို့က အိမ်ရှင်အဖြစ် ပူးတွဲကျင်းပမည့် ၂၀၁၂ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၏ အမြှာလာဘ်ကောင်ကို ဝါဆောမြို့ အခမ်းအနားတစ်ရပ်တွင် အင်္ဂါနေ့၌ တရားဝင်ကြေညာခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)မှ ထိပ်တန်းတာဝန်ရှိသူများနှင့် ပိုလန်နှင့် ယူကရိန်း ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဘောလုံးညီနောင် ၂၀၁၂ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၏ အမြှာလာဘ်ကောင်များ ဝတ်ဆင်မည့် ဂျာစီအင်္ကျီများမှာ ပိုလန်နိုင်ငံအတွက် အဖြူနှင့်အနီ၊ ယူကရိန်းနိုင်ငံအတွက် အပြာနှင့် အဝါတို့ဖြစ်သည်။

**ကြေညာမည်**

လာဘ်ကောင်ညီနောင်၏ အမည်များကို ယူအီးအက်ဖ်အေ ဝက်ဆိုက်သို့ လူအများကို မဲပေးရွေးချယ်စေပြီး ဆုံးဖြတ်မည်ဖြစ်သည်ဟုဆိုသည့် ဝက်ဆိုက်မှာ www.uefa ဖြစ်ပြီး ဒီဇင်ဘာ ၄ ရက်တွင် ရလဒ်ကို ကြေညာမည်ဖြစ်သည်။

**အင်တာနက်။**



**ဥရောပ ဘောလုံးပြိုင်ပွဲ (၂၀၁၂)အတွက် ပူးတွဲအိမ်ရှင်နိုင်ငံများဖြစ်သည့် ယူကရိန်းနှင့် ပိုလန်နိုင်ငံတို့က ရွေးချယ်ထားသော အမြှာလာဘ်ကောင်ကို ဝါဆောမြို့၌ နိုဝင်ဘာ ၁၆ ရက်က တွေ့ရစဉ်။**

# ၂၀၁၀ ကို ရလဒ်ကောင်းဖြင့် ကန့်လန့်ကာချမည့် ကာပယ်လို၏မျှော်လင့်ချက် ချစ်ကြည်ရေးခြေစမ်းပွဲ၌ ပြင်သစ်ကို ရှုံးနိမ့်၍ ပျက်ပြယ်

လန်ဒန် နိုဝင်ဘာ ၁၈

**အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ဝင်ဘလေအားကစားကွင်း၌ နိုဝင်ဘာ ၁၈ ရက်တွင် ကျင်းပသော ပြင်သစ်နှင့် အင်္ဂလန်ဘောလုံးအသင်းများ၏ ချစ်ကြည်ရေးခြေစမ်းပွဲတွင် ရလဒ်ကောင်းများရယူပေးခြင်းဖြင့် အင်္ဂလန်နည်းပြ ဖေဘီယိုကာပယ်လိုသည် အင်္ဂလန်အသင်းအတွက် နာကျင်ခဲ့ရသော ၂၀၁၀ ခုနှစ်ကို ကန့်လန့်ကာချမည်ဖြစ်ကြောင်း သတင်းများတွင် ဆိုသည်။**



**အင်္ဂလန်အသင်း၏ လက်ရှိနည်းပြ အီတလီနိုင်ငံသား ဖေဘီယို ကာပယ်လို။**

သို့ရာတွင် ဝင်ဘလေကွင်း၌ ကျင်းပခဲ့သည့် ချစ်ကြည်ရေး ခြေစမ်းပွဲတွင် ကာပယ်လို၏ အင်္ဂလန်အသင်းသည် ပြင်သစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

တောင်အာဖရိက ကမ္ဘာ့ဘောလုံးပွဲတွင် အင်္ဂလန်အသင်းသည် ပွဲစဉ်လေးပွဲ ကစားရာတွင် တစ်ပွဲသာ အနိုင်ရရှိခဲ့သည်။ သို့ရာတွင် အင်္ဂလန်အသင်း ပရိသတ်များ၏ ဒေါသတကြီး တုံ့ပြန်မှုများ ရှိခဲ့သော်လည်း အီတလီနိုင်ငံသား ကာပယ်လိုသည် အင်္ဂလန်ဘောလုံးအသင်းကို ဆက်လက်ကိုင်တွယ်ခွင့်ရခဲ့သည်။

ယခုအခါ အင်္ဂလန်နည်းပြ ကာပယ်လိုသည် ၎င်း၏အသင်းကို ပြန်လည်ပြင်ဆင်ရန် စေ့ငုသုံးသပ်လျက်ရှိပြီး အသင်း၏ ယုံကြည်ထောက်ခံမှုကို ပြန်လည်ရရှိရန် ကြိုးပမ်းလျက်ရှိသည်။

**အင်တာနက်။**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

**မိမိတို့၏ လူမှုစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့ကိုယ်တိုင် အားထုတ်ကြိုးပမ်းမှုသာမက အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ အကူအညီများရရှိရေးအတွက် ပိုမိုတိုးမြှင့် ကြိုးပမ်းဆောင်ရွက်**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးဖွင့်ပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြား




**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် (၅)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (CLMV) ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၁၈

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၆ ရက် ညနေ ၃ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Peace Palace တတိယထပ်ရှိ Noun Srey Hall ၌ ကျင်းပသည့် (၅)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (CLMV) ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**

အဆိုပါ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းရှိန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနား မစတင်မီ (၅)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (CLMV) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဝန်ကြီးချုပ်များသည် မွန်းလွဲ ၂ နာရီ ၅၅ မိနစ်မှစတင်၍ Peace Palace တတိယထပ်ရှိ Noun Srey Hall သို့ ရောက်ရှိလာကြရာ (၅)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (CLMV) ထိပ်သီး **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆